# အသိပေးကြေညာခြင်း

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များကို Pilot Project ကာလအတွင်း ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခများ ကောက်ခံခြင်းမပြုဘဲ ကနဦးမှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါ Pilot Project ကာလသည် ၃၁-၃-၂၀၂၆ ရက်နေ့တွင်ကုန်ဆုံးခဲ့ပြီးဖြစ်ပါသဖြင့် ၁-၄-၂၀၂၆ ရက်နေ့မှစ၍ သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်သည့် ပြည်ပမှ CBU စနစ်ဖြင့်တင်သွင်းလာသည့် လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များကို မော်တော်ယာဉ်အမျိုးအစားနှင့် ဘက်ထရီစွမ်းဆောင်ရည် (Battery Capacity)အလိုက် မူလတန်ဖိုး FOB ( Free On Board ) ဈေးနှုန်းအပေါ် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁)ရက်မှစတင်၍ အောက်ပါအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ရာခိုင်နှုန်း |
|---|---|---|
| (က) | လုပ်ငန်းသုံးယာဉ်များ၊ ကုန်တင်ယာဉ်များ Pick Up (Single Cab, Extended Cab, Open Cab) Light Truck, Truck, Dumper, Tanker, Box Truck, Refrigerated Van, Crane Truck, Logging Truck, Container Carrier Truck, Tractor Head | ၃ % |
| ( ခ ) | ခရီးသည်တင်ယာဉ်(ယာဉ်မောင်းအပါအဝင် ၁၅ ဦးအထက်) (Bus, Mini Bus, Express Bus)(City Bus မပါ) | ၃ % |
| ( ဂ ) | လူစီးယာဉ်(ယာဉ်မောင်းသူအပါအဝင် ၁၅ ဦးနှင့်အောက်) (Saloon, Jeep, Station Wagon, Micro Bus, MPV, SUV) | |
| | (၁) Battery Capacity 30 Kwh နှင့်အောက် | ၁၀ % |
| | (၂) Battery Capacity 31 Kwh နှင့် 60 Kwh အထိ | ၂၀ % |
| | (၃) Battery Capacity 61 Kwh နှင့် 90 Kwh အထိ | ၃၀ % |
| | (၄) Battery Capacity 91 Kwh နှင့်အထက် | ၄၀ % |
| (ဃ) | လူနှင့်ကုန်(၂)မျိုးသုံးယာဉ်(Pick Up, Double Cab) | ၃၀ % |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**